# သတင်းရှုသား

ညီငယ်လေး



## သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ

သီတဂူရေအလှူတော်၊ သီတ ဂူအာယုဒါနဆေးရုံအလှူတော်၊ သီတ ဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်တို့ ကဲ့သို့ ကြီးမားထင်ရှားသော အ လှူ တော်စီမံကိန်းကြီးများ အပါအဝင် နိုင်ငံတစ်ဝန်း ဘာသာရေး၊ ပ ညာရေး၊ လူမှုရေး၊ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအစရှိသော ဘာ သာရေးလုပ် ငန်းများ နှင့် ပရဟိတလုပ်ငန်းများကို အစဉ်တစိုက်လုပ် ဆောင်ခဲ့ခြင်းကြောင့် လည်းကောင်း၊ နာဂစ်ကဲ့သို့သော သဘာဝ ကပ် ဘေးကျရောက်ရာ ဒေသ များ သို့ ကယ်ဆယ်ရေးလုပ်ငန်းများ တွင် လူ အင်အား၊ ငွေအင်အားမြောက် များ စွာဖြင့် ကူညီစောင့်ရှောက်ခဲ့ခြင်း ကြောင့် လည်းကောင်း၊ သီတဂူ ဆရာတော် အရှင်ဉာဏိဿရသည် မြန် မာနိုင်ငံသာမက ကမ္ဘာမှာ ပါ ထင်ရှားကျော်ကြားပါသည် ။ ယခု နောက်ပိုင်းတွင် လည်း မလေးရှားနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု များ တွင် မြန်မာအလုပ်သမား ဒုက္ခသည် များ အား ကိုယ်တိုင်ကိုယ်ကျ ကြွရောက်၍ ကူညီစောင့်ရှောက်ခဲ့ခြင်း၊ ဇွန်လ ၂၇ ရက်က အင်းစိန်ရွာမ ၊ အောင်ဆန်းတပ်ဦးကျောင်းတိုက်တွင် ကျင်းပပြု လုပ်ခဲ့သော အမျိုး ဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးသြဝါဒ ခံယူပွဲတွင် သြဝါ ဒစရိယဆရာတော်အဖြစ် တာဝန်ယူခဲ့ခြင်းတို့ ကြောင့် သီတဂူ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရကို ယခုအပတ် 'သီတင်း လူ သား' အဖြစ် ရွေးချယ်ဖော်ပြအပ်ပါသည် ။

ဖွားမြင်ရာ ဇာတိကို အကြောင်းပြု၍ သဲကုန်းဆရာတော်၊ တရား

အား ထုတ်ရာဒေသကို အကြောင်းပြု၍ သပိတ်အိုင်ဆရာတော်၊ သာသနာပြုရာ ဌာနကို အကြောင်းပြု၍ သီတဂူဆရာတော် ဟူ၍ ကျော်ကြားထင်ရှားခဲ့ သည် ။

၁၉၈၈ ခုနှစ်တွင် 'မင်းကျင့်တရား ၁၀ ပါး'ဟု ထင်ရှားသော ရာဇောဝါဒသုတ္တန်ကို ဟောကြားခဲ့ခြင်းကြောင့် 'ပြည်သူ့ဆရာတော်' အဖြစ်ထင်ရှားခဲ့သည် ။ ထိုခေတ်၊ ထိုအချိန်က ဘုရားဟောတရားဖြစ်သော မင်းကျင့်တရား ၁၀ ပါးကိုပင် ဟောပြောရဲသော ဓမ္မကထိက ရဟန်းတော် မရှိသလောက် ရှားပါးခဲ့သောကြောင့်လည်း ဖြစ်သည် ။ ထိုနောက်ပိုင်းတွင် အရှင်ဉာဏိဿရ၏ သာသနာပြုလုပ်ငန်းများ ၊ ပရဟိတလုပ်ငန်းများတွင် စစ်အစိုးရ ခေါင်းဆောင်မိသားစုများ လိုလိုလားလားပါဝင်လာကြသည် ကိုတွေ့ရသည် ။ ၂၀၀၄၊ ဒီဇင်ဘာတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေတွင် ကျင်းပရာ၌ အဓိက ဦးဆောင်ဦးရွက်ပြုသူအဖြစ် ပါဝင်ခဲ့သည် ။ ယင်းညီလာခံကို စစ်အစိုးရဆန့်ကျင်သော ပြည်တွင်း၊ ပြည်ပဗုဒ္ဓဘာ သာဘုန်းတော်ကြီးတစ်ချို့က ကန့်ကွက်ခဲ့ကြသည် ။ ၂၀၀၇ ခုနှစ်တွင် သံဃာထုဦးဆောင်သော ရွှေဝါ ရောင်လှုပ်ရှားမှုမှာ အရှင်ဉာဏိဿရ ဦးဆောင်ပါဝင်လာရေးကို သံဃာ ပရိသတ်၊ လူပရိသတ်များက မျှော်လင့်စောင့်စားနေကြချိန်တွင် ခေါင်း မထွက်ရေး၊ လက်မထုတ်ရေးအတွက် သည်းခံခြင်းတရားကို လက်ကိုင်ထားဟောကြားသော 'လိပ်ကလေးလိုနေ' တရားကို ဟောကြားခဲ့သည် ။ ရွှေဝါရောင်လှုပ်ရှားမှုများ အကြမ်းဖက်ဖြိုခွင်းခံရပြီးနောက် များ မကြာမီ မှာ ပင် စစ်အစိုးရ၏ သံဃာတော်များ ညမထွက်ရအမိန့်၊ စာသင်တိုက် များ အပေါ် တင်းကျပ်သော အမိန့်များ ထွက်ပေါ်လာသောအခါ ထိုအမိန့် များ ၏ မတရားမှု၊ ယုတ္တိ မတန်မှုတို့ အား တုံ့ပြန်သောအနေဖြင့် အရှင် ဉာဏိဿရသည် 'အမိန့်' ဆိုသော တရားတော်ကို ဟောကြားခဲ့

သည် ။

၂၀၀၈၊ မေလတွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းအန္တရာယ်ကျ ရောက် ရာဒေသများ တွင် လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို ကာလ ရှည်ကြာစွာ ကူညီဆောင်ရွက်ခဲ့ပါသည် ။ ၂၀၁၀ အစိုးရ အပြောင်းအလဲပြီးနောက် မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်အကျယ်ချုပ်မှ လွတ်မြောက် လာသောအခါ ' အောင်ဆန်းသမီး' ဟု ဂုဏ်ပြုစကားမိန့်ကြားခဲ့သည် ။

၂၀၁၃၊ ဇွန်လ မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သော မြန်မာအလုပ် သမားများ အကြမ်းဖက်ခံရမှုတွင် အခင်းဖြစ်ပွားခဲ့ရာ မလေးရှားနိုင်ငံသို့ ကိုယ်တိုင်ကြွရောက်တော်မူ၍ အားပေးနှစ်သိမ့်မှုများ ပြုလုပ်ခဲ့ပြီး အလှူငွေ အမေရိကန် ဒေါ်လာ ၁ သိန်းကျော်လှူဒါန်းခဲ့သည် ။ ၂၀၁၃၊ ဇွန်လ ၂၇ ရက် က ၉၆၉ လှုပ်ရှားမှုတစ်ခုဖြစ်သော အင်းစိန်ရွာမ၊ အောင်ဆန်းတပ်ဦး ကျောင်းတိုက်တွင်း ကျင်းပပြုလုပ်သည့် အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး ဩဝါဒခံယူပွဲတွင် ဩဝါဒစရိယ ဆရာတော် အဖြစ် ပါဝင်ခဲ့သည် ။

၉၆၉ လှုပ်ရှားမှုတွင် ယခုအပတ်အတွင်း အဓိကအငြင်းပွားစရာဖြစ်သော အမျိုးစောင့်ဥပဒေ (မူကြမ်း) ပြဋ္ဌာန်းရေးစည်းရုံးလှုံ့ဆော်မှု အရှိန်အမြင့်ဆုံးအချိန်တွင် သီတဂူဆရာတော် ထွက်ပေါ်လာခြင်းကလည်း လူစိတ်ဝင်စား ဆုံးထိပ်ဆုံးသတင်းဖြစ်ခဲ့သောကြောင့် ယခုအပတ်သီတင်းလူသားအဖြစ် ဖော်ပြလိုက်ပါသည် ။

ဝ၂၆

(အမှတ် ၀၁ ။ ၄ ဇူလိုင် ၂၀၁၃)

ပြည်ထောင်စုလွှတ်တော်အောင် ဖျာလိတ်ခဲ့ရသော ဒေါက်တာဆိတ်ဖွားစုံစမ်းစစ်ဆေးရေးအမှုနှင့်အတူ လွှတ်တော်ဥက္ကဋ္ဌ၏ ပြောကြားချက်များ ၊ စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌ၏ အစီရင်ခံစာများ အရ ဒေါက်တာဆိတ်ဖွားကို စိတ်ဝင်စားခဲ့ကြသည့် သတင်းပရိသတ်များ မအီမလည်ဖြစ်ခဲ့ရသော သူမှာ Smart News ဂျာနယ်၊ Street View ဂျာနယ်တို့ ၏ အယ်ဒီတာချုပ် ခင်မောင် ညို(ဘောဂဗေဒ)ဆိုလျှင် မှားအံ့မထင်ပါ။ ဒေါက်တာဆိတ်ဖွား၏ ဆောင်း ပါးကို သူကိုင်တွယ်သော Smart News ဂျာနယ်တွင် ဖော် ပြခဲ့ဖူးသည် ကို ကော်မရှင်ကခေါ်ယူ စစ်ဆေးရာ၌ ''ဒေါက်တာဆိတ်ဖွားက ကျွန်တော် မဟုတ်ဘူး ။ အဲဒီ လူလည်း ကျွန်တော်မသိဘူး။ သိလည်း မပြောပြဘူး။ တကယ်လည်း မသိဘူး'' ဟူသော သူ၏ ရပ်တည်ချက်ကို တချို့က အယ်ဒီ တာကျင့်ဝတစောင့်ထိန်းလိုက်နာသူ အဖြစ် သတ်မှတ်ကြသလို၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် Street View ထုတ်ဝေသူ၊ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ရွှေ(ဇေကမ္ဘာ)တို့ ၏ ပတ်သက်မှုအကြား တစ်ဆင့်ခံပုံဖော်ပေးရသော အယ်ဒီတာချုပ်တစ်ဦး အဖြစ်ယူဆသူများ လည်း ရှိကြရာ အငြင်းပွား စရာ'သတင်းလူသား' အဖြစ် ဖော်ပြအပ်ပါသည် ။

ခင်မောင်ညို(ဘောဂဗေဒ)သည် စီးပွားရေးတက္ကသိုလ်ကျောင်းဆရာဘဝကို ၁၉၇၈ ခုနှစ်တွင် ဒေသကောလိပ်(၂)၌ နည်းပြအဖြစ်စတင်ခဲ့ပြီး ၂၀၀၁ ခုနှစ်အထိကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် ။ စီးပွားရေးပညာရပ်ဆိုင်ရာစာအုပ်များ ၊ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာများ ရေးသား ခဲ့သည် ။ ဂျာနယ်၊ မဂ္ဂဇင်းများ စွာတွင် လည်း စီးပွားရေးဘာသာရပ်ဆိုင်ရာ ဆောင်းပါးများ ဖြင့် အောင်မြင်ထင်ရှားခဲ့သူဖြစ်သည် ။ စစ်မဟာဗျူဟာ လေ့လာရေးဌာနအကြီးအကဲ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်နှင့်လည်း နီးစပ် ပတ်သက်သူဖြစ်သည် ။ ပြည်ခိုင် ဖြိုးဝက်(ဘ)ဆိုဒ်တစ်

ခုဖြစ်သော'ခေတ် လူငယ်'တွင် လည်း အယ်ဒီတာလုပ်ခဲ့ဖူးသည် ။

ခင်မောင်ညို(ဘောဂဗေဒ)နှင့် ရင်းနှီးကျွမ်းဝင်သောမိတ်ဆွေတစ်ဦး ၏ ပြောပြချက်အရ စစ်အစိုးရနှင့်ပတ်သက်မှုများကိုအကြောင်းပြု၍ တက္ကသိုလ် ကျောင်းသားများက သူ့ကို မကြိုက်ကြကြောင်း၊ နောက်ပိုင်းတွင် လည်း တက္ကသိုလ်ကျောင်းဆရာ မဟုတ်တော့သော်လည်း စီးပွားရေး တက္ကသိုလ်၏ ခပေါင်းအဆောင်တွင် နေထိုင်ခွင့်ရနေခြင်းကို ကျောင်း သား များ အကြားတွင် ဝေဖန်ကြကြောင်း၊ ယင်းနောက်တွင် ၄င်း နေထိုင်ရာခ ပေါင်းအဆောင်၌ အစိုးရဆန့်ကျင်ရေးစာရွက်စာတမ်းများ တွေ့ရှိသည် ဟု ဆိုကာအဆောင်မှ ထွက်ခွာခဲ့ရကြောင်းပြောသည် ။

ကမ္ဘာ့စီးပွားရေးဂျာနယ်၊ Smart News ဂျာနယ်၊ Street View ဂျာနယ် အပါအဝင်ဝန်ကြီးဌာနတချို့၏ ဂျာနယ်များ စွာကို ငွေအင်အား ကောင်းစွာဖြင့် ကိုင်တွယ်ခဲ့ရသော်လည်း စာပေဂုဏ်သိက္ခာအောင်မြင်မှု ၊ ငွေကြေးအောင် မြင်မှုများ မရရှိခဲ့ဖူးပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးနှင့်ပတ်သက်၍ စတင်ဖြစ်ပွားခဲ့သော အ စိုးရနှင့်လွှတ်တော်အကြားမှ တင်းမာမှုများ သည် ဒီရေအလားတဖြည်း ဖြည်းမြင့်မားလာခဲ့ရာတွင် အပြန်အလှန်ထိုးနှက်ကြသော လက်သီးပုန်း များ ထဲမှ ဒေါက်တာဆိတ်ဖွားမှာ ခါးအောက်ပိုင်းကိုထိုးသော လက်သီး တစ်လုံး ဖြစ်ခြင်းနှင့်အတူ လွှတ်တော်၏ နာကျင်မှုကို မှန်ကန်ကြောင်း သက်သေ ပြရန်မှာ ပုံနှိပ်မီဒီယာတစ်ခု၏ (ဆိတ်ဖွားဆောင်းပါး)ဖော်ပြမှု မဖြစ်မနေလို အပ်ခြင်း၌ ခင်မောင်ညို (ဘောဂဗေဒ)၏ အခန်းကဏ္ဍရှေ့ တန်းရောက်ခဲ့ သည် ဟု အခိုင်အမာယူဆသူများ လည်း ရှိသောကြောင့် မမြင်ရသော လက်များ ၏ နောက်ကွယ်ကပတ်သက်မှုများ သည် အငြင်းပွားစရာ 'သတင်းလူသား'တစ်ဦးကို မွေးဖွားပေးလိုက်ကြောင်း

တင်ပြအပ်ပါသည်။

၀၂၆

(အမှတ် ၀၂။ ၁၁ ဇူလိုင် ၂၀၁၃)

*

## ကံကောင်းခြင်းလက်ဆောင်နှင့် ဂြိုဟ်မွှေသော ဥပဒေကြမ်း

အစိုးရသစ်လက်ထက် ပထမမဏ္ဍိုင်နှင့်စတုတ္ထမဏ္ဍိုင်အကြား ပွတ်တိုက်မှုများ တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအပြောင်းအလဲ ဖြစ်ပေါ် ခဲ့ပြီးနောက် အစိုးရ၏ပထမသက်တမ်း၌ ဒုတိယမြောက်ဝန်ကြီးအဖြစ်၊ ဦးအောင်ကြည် ပြန်ကြားရေးဝန်ကြီးဖြစ်လာခြင်းကို မြန်မာ့စာနယ်ဇင်းလော ကသားများ ကံကောင်းခြင်းလက်ဆောင်အဖြစ် အသိမှတ်ပြုကြိုဆိုခဲ့ကြ သော်လည်း ပထမဝန်ကြီးဟောင်းနှင့်အတူ နစ်မြုပ်သွားပြီဟု ယူဆခဲ့ရသော ဂြိုဟ်မွှေသည့် ဥပဒေတစ်ရပ်ကို ဖုန်သုတ်၊ ဆေးမှုတ်လာပြန်သောကြောင့် စာနယ်ဇင်းပစ်မှတ်အတွင်း သက်ဆင်းလာပြန်သော'သတင်းလူသား' အဖြစ် ဖော်ပြအပ်ပါသည်။

ယခင်အစိုးရ၏ မြောက်များ လှစွာသော စစ်ဗိုလ်ချုပ်များ ထဲတွင် ရှားရှား ပါးပါးအမှတ်ကောင်းများ ပိုင်ဆိုင်ထားသော ဗိုလ်ချုပ်အောင်ကြည်သည် အလုပ်သမားဝန်ကြီးတစ်ဦးလည်း ဖြစ်ခဲ့သလို၊ စစ်အစိုးရ ခေါင်းဆောင် များ နှင့် ဒေါ်အောင်ဆန်းစုကြည်အကြား သတင်းကူးလူးပေးရသော ဆက်ဆံရေးဝန်ကြီးလည်း ဖြစ်ခဲ့ဖူးသည်။ အတိုက်အခံနိုင်ငံရေးသမား များ နှင့် လူထုက အခြားသောစစ်ဗိုလ်ချုပ်များ ထက် သဘောထား ပျော့ ပြောင်းသူ၊ ပညာဉာဏ်ကြီးမြင့်သူ၊ ရိုးသားဖြောင့်မတ်သူအဖြစ် လက်ခံထား သူတစ်ယောက်လည်း ဖြစ်သည်။ နက္ခတ္တဗေဒဖြင့် ထုံလွှမ်းနေသောလူများ က ဒေါ်အောင်ဆန်းစုကြည်၏ နာမည်ရှေ့ဆုံးစာလုံးနှင့် နောက်ဆုံးစာလုံး ပိုင်ရှင်ဖြစ်သော ဦးအောင်ကြည် ဆက်ဆံရေး

ဝန်ကြီးဖြစ်လာခြင်း၌ သို့လော၊ သို့လော သံသယများ လည်း ရှိခဲ့သည် ။

မည်သို့ပင်ဆိုစေကာမူ၊ ကောင်းသတင်းများ နှင့် ဦးအောင်ကြည် ပြန်ကြားရေးဝန်ကြီး ဖြစ်လာခြင်းသည် စာနယ်ဇင်းမီဒီယာဆိုင်ရာ ဥပဒေ များ ၌ လည်း တရားမျှတလွတ်လပ်မှုများ ခညောင်းလာတော့မည် ဟု ယုံ ကြည်စရာရှိပါသည် ။ ဇူလိုင်လ ၄ ရက်တွင် ပြည်သူ့လွှတ်တော်မှ အတည် ပြုလိုက်သော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း နှင့်အတူ ပွက်လောရိုက်သွားသောကန့်ကွက်သံများ ၊ နှောင်တသံများ ၊ အံကြိတ်သံများ ၏ အဆုံးသတ်စကားမှာ "သည် ပုတ်ထဲက သည် ပဲပါ" ဟူ၍ ဖြစ်သည် ။ အာဏာ ၃ ရပ်ကို နှစ်ပေါင်းများ စွာ လိုသလိုချုပ် ကိုင်ခဲ့သော အလေ့ အကျင့်စွဲမှန်ကန်ကြောင်း သက်သေပြသည့်ဖြေရှင်းချက်များ နိုင်ငံပိုင် သတင်းစာများ တွင် ဖော်ပြပါရှိခဲ့သော်လည်း ၊ ယင်း ပြန်ကြားရေး ဝန်ကြီး ဌာနကို ဖျက်သိမ်းပစ်ရေးအထိ တောင်းဆိုနေသံများကြားကပင် အသွင် ပြောင်းလုပ်ငန်းစဉ်ဖြစ်သော အများ ပြည်သူဝန်ဆောင်မှုဥပဒေကြမ်းသည် လည်း အစိုးရ၏ လုပ်ပိုင်ခွင့်အသာစီးယူမှု၊ ဘဏ္ဍာငွေအသာစီးယူမှု၊ ဥပဒေအရ အသာစီးယူမှုများ ပါဝင်နေခြင်းကြောင့် ပြန်ကြားရေးဝန်ကြီး အသစ် ဦးအောင်ကြည် ရိုက်ကူးတင်ဆက်သော 'ကြောင်နှင့်ကြွက်' ဇာတ် လမ်းတွဲက ဆက်လက်စောင့်စားကြည့်ရှုရမည့်သဘောဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီး ဦးအောင်ကြည်သည် ယခုအပတ်အတွက် 'သတင်း လူသား'ဖြစ်ပါကြောင်း။

ဝ၂၆

(အမှတ် ဝ၃ ။ ၁၈ ဇူလိုင် ၂ဝ၁၃)

*

# ရေခဲတုံးသမ္မတကြီး

မိမိဘဝအမြင့်မားဆုံး နိုင်ငံရေးမျှော်လင့်ချက်များကို နိုင်ငံတကာ ခရီးစဉ်များ (အထူးသဖြင့် အနောက်နိုင်ငံများ )၌ ထုတ်ဖော်ပြောကြားရခြင်း ကို မွေ့လျော်တတ်လာသော မြန်မာခေါင်းဆောင်များ ပီပီ မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်သည် လည်း လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် မိမိ ၏ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေတို့ ကြောင့် သမ္မတဒုတိယသက် တမ်းအတွက် ဝင်ရောက် ယှဉ်ပြိုင်ရန် အစီအစဉ်မရှိကြောင်း ဘီဘီစီ ရုပ်/သံနှင့် တွေ့ဆုံမေးမြန်းခန်း၌ ထုတ်ဖော်ပြောကြားခဲ့သည် တွင် ဒုတိယ ပိုင်းကို မျှော်လင့်တောင့်တနေကြသော ပွဲကြည့်ပရိသတ်များ အကြား ဟာခနဲ အာမေဍိတ်သံများ ဆူညံသွားသကဲ့သို့ အနိုင်ဖြင့်ပိုင်း သွားသူကြီးဟု လည်း ဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာခြင်းကြောင့် ယခုအပတ်အတွက် သတင်းလူသားအဖြစ် ဖော်ပြအပ်ပါသည် ။

ရောဝတီသားတို့ ၏ အသက်ပေါင်း သိန်းဂဏန်းနှင့်ချီ၍ လဲလှယ် ခဲ့ရသော ၂၀၀၈ နာဂစ်ဆိုင်ကလုန်း လက်ဆောင်အစွန်းထွက်တန်ဖိုးအဖြစ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အချိန်မီ အလုပဆုံးထုတ်ပိုး၍ ဈေးကွက် တင်နိုင်ခဲ့ပြီးနောက် ပြည်ခိုင်ဖြိုးလူမှုရေးအသင်းကြီးသည် လည်း ပါတီအဖြစ် ပြောင်းလဲသွားခြင်းနှင့်အတူ ကစားကွက်အသစ်၌ ဗိုလ်ချုပ်ကြီးတစ်ဖြစ်လဲ ဦးသိန်းစိန် နိုင်ငံတော်သမ္မတဖြစ်လာသော 'ဗိုလ်ဦးအရွေ့'ကို မြန်မာနိုင်ငံ သားအများ စုက ရိုးသားမှုတစ်ခုအဖြစ် မယုံကြည်ခဲ့ကြပေ။ ၂၃ နှစ် တရားမဝင်အစိုးရအဖြစ် ရပ်တည်ခဲ့ရပြီးမှ တရားဝင်အ

စိုးရဖြစ်အောင် ၅ နှစ် သက်တမ်းတိုးလိုက်ခြင်းဟု သာ ယုံကြည်ခဲ့ကြသည် ။ထို့အတူ ဗိုလ် ချုပ်မှူးကြီးသန်းရွှေ၏ အရှင်ထွက်လမ်းစဉ်ကိုအမေ့ခံဘဝ(Zero Level) အထိ ရောက်အောင် အာရုံပြောင်းကပြ အသုံးတော်ခံခဲ့ရသော ရှေ့ထွက်မင်း သားတစ်လက်အဖြစ်သာ သူ့ကို လူသိများ ခဲ့သည် ။ မြန်မာပြည်တွင် လူ သုံးအများ ဆုံး စကားရပ်ဖြစ်သော ''နောက်ကြောင်းပြန်မလှည့်ရေး''ဆို သည် မှာ နဝတ၊ နအဖ စစ်အစိုးရအားမည်သည့်ဥပဒေဖြင့်မျှ နောက် ကြောင်း ပြန်တရားစွဲဆိုခွင့် မရှိစေရ ဟူသော သီးခြားအဓိပ္ပာယ်အသစ် တစ်ရပ်ဖွင့်ဆိုနိုင်ရေးသံမဏိမြို့ရိုးကို ပုံဖော်တည်ဆောက်မည့် ထိပ်တန်း ဗိသုကာတစ်ဦးလည်း ဖြစ်သည် ။

ဦးသိန်းစိန်သမ္မတတာဝန်ယူခဲ့ပြီးနောက် ပထမဆုံးခြေနင်းကွက်မှာ နိုင်ငံရေးအကျဉ်းသားတချို့ လွှတ်ပေးခဲ့ခြင်းဖြစ်သည် ။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော NLD ပါတီကို လွှတ်တော်တွင်း ရောက်အောင် ကြိုးစားခဲ့သည် ။ မြစ်ဆုံစီမံကိန်းကို သူ၏ သမ္မတသက် တမ်းအတွင်း ရပ်ဆိုင်းလိုက်ခြင်းက ဘဝင်ခိုက်သွားစေသောလုပ်ရပ်ဖြစ်သည် ။ ဤတွင် အပြောင်းအလဲများက မြန်ဆန်လွန်းလှသလို တစ်ဟုတ်ချင်း 'ပြည်သူ့ သမ္မတကြီး'အဖြစ် အသိအမှတ်ပြုခံလိုက်ရသည် ။ စာပေနှင့်မွေ့ လျော်ခြင်း၊ သဘောထားပျော့ပျောင်းခြင်း၊ တင်းတိမ်ရောင့်ရဲနိုင်ခြင်း၊ မိသားစုအတွင်း စီးပွားရေးနာမည်ပျက်မရှိခြင်းတို့ ကလည်း အထောက်အပံ့ ကောင်းများ ဖြစ်ပါလိမ့်မည်။ သို့သော် သူ၏ လိပ်အစိုးရအဖွဲ့နှင့် သံချေးတက် ဗျူရိုက ရေစီယန္တရားကို ပြည်သူ မကြည်ဖြူဖြစ်နေဆဲမှာ ပင် တပ်မတော် အပေါ် ဩဇာလွှမ်းမိုးနိုင်မှုမရှိခြင်းကိုလည်း အားမလိုအားမရ ဖြစ်ကြရ သည် ။ ရခိုင်ပြည်နယ်မှ အစပြုခဲ့သော အကြမ်းဖက်ပဋိပက္ခများ တွင် လည်း အဓိကလက်သည် တရားခံကို ဖော်ထုတ်နိုင်မှုမရှိခြင်း၏ နောက်ကွယ်မှ အမှောင်ထု နက်ရှိ

င်းကျယ်ပြန့်လာမည့်အရေးကလည်း စိုးရိမ်စရာ အခြေအနေဖြစ်သည် ။

မြန်မာနိုင်ငံရေးကောင်းကင်တွင် မဏ္ဍိုင် ၃ ရပ်ဗဟိုပြုလှည့်ပတ်နေသော ဝန်ရိုးဆုံချက်မှာ တပ်မတော်မဏ္ဍိုင်ဖြစ်ခြင်းကြောင့် သမ္မတဦးသိန်းစိန် သည် တပ်မတော်နှင့် ကာရံသင့်သောသူတစ်ဦးအဖြစ် သတ်မှတ်ခံရသော် လည်း မိခင်ပါတီနှင့်လွှတ်တော်တို့ ၏ ထောက်ခံမှုလျော့ကျခဲ့ရခြင်း၌ အနာဂတ်အကျပ်အတည်းကို ရှင်းလင်းစွာမြင်နိုင်သူတစ်ဦးပီပီ ၂၀၁၅ အတွက် ကြိုတင်ဘရိတ်မီးပြလိုက်ခြင်းဖြစ်နိုင်သည် ။ သို့မဟုတ်လျှင်လည်း တီးတိုး သဘောတူထားသော အလှည့်ကျစနစ်အတိုင်း ဖန်ဆင်းရှင် စိတ်ကြိုက် ကစားကွက်အသစ်တွင် ရေစုန်မျှောလိုက်သွားခြင်းဖြစ်နိုင်သည် ။

လက်ကျန်အချိန်များကို ပွဲချိန်ပြည့်ဆွဲခေါ်သွားသောနည်းအဖြစ် နိုင်ငံ ရေးအကျဉ်းသားများကို ခြင်းတောင်းထဲက ပန်းများ သဖွယ် အဆုပ်လိုက် ပစ်ချကာ နိုင်ငံတကာခရီးစဉ်များကို ပန်းခင်းလျှောက်ခဲ့ပြီးဖြစ်သကဲ့သို့ အနောက်ကမ္ဘာ၏ ပိတ်ဆို့မှုများ ရုတ်သိမ်းရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံ မှုနှင့် အကူအညီများ စီးဝင်လာရေးတွင် စည်းချက်ကျစွာကစားနေခြင်းကို ပြည်တွင်း၌ ဝေဖန်မှုများ ဖြစ်ပေါ်လာခဲ့ပြီးနောက်အင်္ဂလန်ခရီးစဉ်တွင် နိုင်ငံ ရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးမည်ဟု ပြောဆိုခဲ့ခြင်းဖြစ်သည် ။ သို့သော် သူ၏ သမ္မတသက်တမ်းအတွင်း ပြည်သူတို့ ၏ လက်တွေ့ဘဝမှာ သက်ရောက်မှုတစ်စုံတစ်ရာမရှိခဲ့ချေ။

မည်သို့ပင်ဆိုစေ တိမ်တောင်သဖွယ် မင်းရေးကြွယ်လှသောကြောင့် ထိပ်ဆုံးတစ်နေရာမှ ဆီးမိုး၍ မြင်ကွင်းကျယ်ကို လှည့်လည်သုံးသပ်ကာ လိုသလို ခလုတ်နှိပ်နေနိုင်သော သမ္မတ ဦးသိန်းစိန်သည် ရေပြင်ထက်ဝ

ယ် ပေါလောမျောနေသည့် ရေခဲတုံးကြီးတစ်ခုနှင့် အလားသဏ္ဍာန်တူသော သတင်းလူသား ဖြစ်ပါကြောင်း။

၀၂၆

(အမှတ် ၀၄ ။ ၂၅ ဇူလိုင် ၂၀၁၃)

*

ယုန်ဂျို၊ လိပ်မွေး၊ ပုစွန်သွေး

**ရန်ကုန်၊ ဇူလိုင် ၃၀**

မြန်မာယူနိုက်တက်အသင်းမန်နေဂျာ ဗိုလ်ချုပ်မှူးကြီး ဖာဂူဆန်၏ ၂၀၁၀ ချန်ပီယံသမ္မတလိဂ်၊ ပွဲထွက်စာရင်း (Line up) တွင် ဒဏ်ရာ အနာတရများ ဖြင့် အရန်ခုံတွင် ထိုင်ခဲ့ရသော သူရဦးရွှေမန်းသည် ၂၀၁၅ တွင် ပြန်လည်ခြေစွမ်းပြနိုင်ရေးအတွက် လေ့ကျင့်ခန်းများ အဖြစ် ပရိသတ် လိုလားသော ဒီမိုကရေစီ ဖရီးကစ်များ ၊ ပြုပြင်ပြောင်းလဲရေး အလိမ် အခေါက်များ ၊ ဖက်ဒရယ်လူကျွံဘောထောင်ချောက်ဖမ်း ကစားကွက်များကို အပြင်းအထန်လေ့ကျင့်၍ အမေရိကန်ချစ်ကြည်ရေး ပွဲစဉ်၌ အနာဂတ်၏ သမ္မတကြီး ဖြစ်လိုကြောင်း ကမ္ဘာသိအောင် ကြေညာမောင်းခတ်လိုက် ခြင်းနှင့်အတူ တစ်ဖက်အသင်း၏ တိုက်စစ်မှူး ဒေါ်အောင်ဆန်းစုကြည်နှင့် တူပြိုင်ပြိုး၊ တံ့ပြန်ယိမ်းနေကြသောသတင်းဓာတ်ပုံများကြောင့် ယခုအပတ် အတွက် သတင်းလူသားအဖြစ် ဖော်ပြအပ်ပါသည် ။

စစ်အုပ်ချုပ်ရေး ၂၃ နှစ် သက်တမ်းတွင် ကယ်တင်ရှင်စစ်ဗိုလ်ချုပ်များ ၏ မိုးခါးရေလမ်းစဉ်အတိုင်း ရတနာသိုက်မြေပုံအညွှန်းအိတ်ကပ်ထဲပါလာခဲ့သူပီပီ သူရဦးရွှေမန်းသည် လည်း ကြွယ်ဝချမ်းသာသော စစ်ဗိုလ် ချုပ်တစ်ဦးဖြစ်သကဲ့သို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စနစ်တကျ မွေးမြူခဲ့သော တပည့်သားမြေးများ ထဲမှ စစ်စိတ်၊ စစ်သွေး၊ စစ်အမြင်၊ စစ်အတွေးများ ပြည့်ဝနေသော တပ်မှူးကြီးတစ်ဦးလည်း ဖြစ်သည် ။ ၂

၃ နှစ်တာ စစ်ထီး ဆောင်းခဲ့သော ကာလများ အတွင်း ချော့တစ်ခါ ခြောက်တစ်လှည့်၊ မီးစ တစ်ဖက် ရေမှုတ်တစ်ဖက် ဗျူဟာများ ဖြင့် ယှဉ်ပါးခဲ့သူတစ်ဦးဖြစ်ခြင်းကြောင့် ရာဇပလ္လင် ဖင်ကပ်နိုင်ရေး မဟာဗျူဟာတွင် မုန်းသူကိုလည်း ချစ်ဟန်ပြုရ ခြင်းမှာ မြောက်မြားလှစွာသောစစ်ပရိယာယ်ထဲမှ တစ်ခုသာ ဖြစ်သည် ။၂၀၁၀မတိုင်မီအရှေ့ပိုင်းကာလများကတည်းက နအဖစစ်အစိုးရအတွင်း ကြိုတင်ညှိနှိုင်းထားသော သဘောတူညီချက်များကို မည်သူ မျှမသိနိုင် သကဲ့သို့ ၂၀၁၅ ထောင်ချောက်၏ အတိမ်အနက်ကိုလည်း ကြိုတင်မသိနိုင်။ ဂင်းနစ်စံချိန်တင်ရလောက်အောင် ပြုပြင်ပြောင်းလဲရအခက်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလက်ခံနိုင်အောင် အဘယ်မျှထိစွမ်းဆောင်နိုင်မည် နည်းဆိုသောအဖြေကို အောင်မှတ်မမီသရွေ့ ''ဒီမိုက နည်းနည်း၊ အာလူးက များများ ''ဆိုသော ဖော်မြူလာကွက်ထဲမျောနေဦးမည်မှာ သေချာလှပါ သည် ။ ၂၀၁၃ ဇူလိုင်လ ၃၁ ရက်တွင် ပြည်ထောင်စု လွှတ်တော်နာယက တာဝန်ကိုပါထမ်းဆောင်ရမည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကို ရွှေအစစ်ဟုတ် မဟုတ်လက်ကျန်သက်တမ်းများ ၌ မှတ်ကျောက်တင် ကြည့်ရပါတော့မည်။

ကြီးစဥ်ငယ်လိုက် အာဏာဆက်ခံရေးလမ်းစဥ်အတိုင်းဆိုပါမူ နအဖလက်ထက်တွင် နံပါတ်သုံးအဆင့်ရှိခဲ့သော ဗိုလ်ချုပ်ကြီး သူရရွှေမန်း အတွက်ကာ/ချုပ်(သို့မဟုတ်)သမ္မတဖြစ်နိုင်သူအဖြစ် သူ့ကိုယ်သူ လက်ခံပြီး သားဖြစ်သော်လည်း သမိုင်းမဲ့ကျေးဇူးရှင်ကြီး၏ နှုတ်ထွက်စကားဖြင့် သမ္မတ လေးအဆင့်နှင့် တူညီသော ထိုင်ခုံမှာ သာ ထိုင်ခွင့်ရခဲ့ခြင်းက မဟာမိတ် အသစ်များ ရှာဖွေလာရေး၏ အဓိကအကြောင်းရင်းပင်ဖြစ်ပါသည် ။ တိုင်းပြည်၏ သက်တမ်းကို မိမိ၏ သက်တမ်းဖြင့် ပိုင်းခြားတွက်ချက်သော ဝါဒထူထောင် သူများ ထဲမှ တစ်ဦးဟု မှတ်ယူနိုင်သလို

ပြည်သူ့အကျပ် အတည်းကို ဘေးချ၍ သမ္မတအကျပ်အတည်းထဲ တိုးဝင်နေသူတစ်ဦး လည်း ဖြစ်သည် ။

နအဖအစိုးရနှင့် မြောက်ကိုရီးယားတို့ ၏ မှောင်ခိုဆက်ဆံရေးတစ်ရပ်ဖြစ်သော ချူးကလီးယား လက်နက်ကိစ္စတွင် လည်း ထိပ်တန်းကိုယ်စားလှယ်တစ်ဦးအဖြစ် နိုင်ငံတကာသတင်းများ တွင် ဖော်ပြခံရဖူးသကဲ့သို့ ၂၀၁၀၏ ဓာတ်ကွက်အသစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဖြစ် လာခဲ့ပြီးနောက် 'အစိုးရအဖွဲ့ကို အသက်ရှူကျပ်စေသူ'အဖြစ် လူပြော များ ခဲ့သော်လည်း ပြည်ခိုင်ဖြိုးပါတီ ဒုဥက္ကဋ္ဌ ဦးဌေးဦးက ၂၀၁၅ တွင် သူရဦးရွှေမန်း (ပါတီဥက္ကဋ္ဌ) ကို သမ္မတလောင်းအဖြစ် ရွေးချယ်တင် မြှောက်သွားမည်ဟူသောစကားက ပါတီ၏ ထောက်ခံမှုကို ထင်ဟပ်စေပြန်သည် ။ သူရဦးရွှေမန်း၏ ဂုဏ်ရောင်ကိုထွန်းပြောင်စေသော အခြားမျက်နှာ စာတစ်ခုမှာ နိုင်ငံတော်အဆင့် စီးပွားရေးလုပ်ငန်းရှင်သားနှစ်ဦးကို မွေးဖွား နိုင်ခဲ့ခြင်း ဖြစ်၏ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည် ရေးတည်ဆောက်ခဲ့ခြင်းနောက်တွင် ပြည်တွင်း၊ ပြည်ပစွမ်းအားများကို သွယ် ဝိုက်သောနည်းဖြင့် စုပ်ယူလိုက်ခြင်းဟု ယူဆဖွယ်ရှိသည် ။

ယခုအခါ လွှတ်တော်အတွင်းမှ ညီညွတ်မှုညီမျှခြင်းများ သည် နောင်တစ်ချိန်တွင် မပေါင်းဆုံနိုင်သော မျဉ်းပြိုင်များ ဖြစ်သွားသည် ရှိသော် 'နိုင်ငံရေးတွင် ထာဝရရန်သူ၊ ထာဝရမိတ်ဆွေမရှိ' ဟူသော ဒဿနအတိုင်း၊ တိုက်စစ်မှုများ ဂိုးရရှိရေး ရှောင်တခင်သုံးစွဲခွင့်မာယာအဖြစ် သူရဦးရွှေမန်း လည်း အသုံးချပိုင်ခွင့်ရှိသော်လည်း တိုင်းရင်းသားပြည်သူအပေါင်းတို့ တရား မျှတစွာ သုံးစွဲပိုင်ခွင့်ရှိသော စံချိန်မီဒီမိုကရေစီအရေးတွင် မော်ဆရာ့ ဩဝါဒကို မဖောက်ထွက်နိုင်သရွေ့ သူရဦးရွှေမန်းသည် ယုန်ဂျို၊ လိပ်မွေး၊ ပုစွန် သွေးဆိုသကဲ့သို့ အစစ်အမှန်မဟုတ် သော

စကားလုံးများ ဖြင့် ကခုန် နေသူတစ်ဦးအဖြစ် သမိုင်းကမ္ဘည်းတင်ခံရနိုင်သော သတင်းလူသားဖြစ် ပါကြောင်း။

ဝ၂၆

(အမှတ် ဝ၅ ။ ၁ ဩဂုတ် ၂ဝ၁၃)

*

## ပဉ္စမမြန်မာနိုင်ငံတော်ကို ထူထောင်ရန်ကြိုးပမ်းခဲ့ကြသူ မဟာသူရဲကောင်းများ

မြန်မာ့သမိုင်းတွင် ဝိသေသအမျိုးမျိုးဖြင့် ဂုဏ်ပြုခံရသော နေ့တစ်နေ့၊ အာဏာရူးတို့ စိတ္တဇဝါဒယောဖောက်ပြန်သည်းခြေနှလုံးပျက်သုဉ်းခဲ့ရသော နေ့တစ်နေ့၊ ခေတ်အဆက်ဆက် ဘက်နက်ဖြင့်အသက်ထွက်ခဲ့ရသော၊ နံပါတ် တုတ်အောက် ဟပ်ထိုးမှောက်ခဲ့ရသော၊ ဗုံးကြဲမိုင်းခွဲ သေပွဲဝင်ခဲ့ကြရသော သူရဲကောင်းဝိညာဉ်များ ရှင်သန်ထမြောက် အရိုးတွန်သော နေ့တစ်နေ့၊ နေဝင်းစတင်း သေမင်းခံတွင်းသို့ ခန္ဓာကိုယ်ပေးဆပ် အကြွေးတစ်ထပ် မှတ်ရစ်ကြသော မဟာသူရဲကောင်းခွပ်ဒေါင်းအပေါင်းတို့ အား ဦးညွှတ် အလေးပြုသောအနေအားဖြင့် ၈ ရက်၊ ၈ လ၊ ၈၈ တွင် ပဉ္စမမြန်မာနိုင်ငံ တော်ကို ထူထောင်ရန်ကြိုးပမ်းခဲ့ကြသူ မဟာလူသားအပေါင်းတို့ အား သတင်းလူသားအဖြစ် သွေးမော်ကွန်းရေးထိုးအပ်ပါသည် ။

ဗိုလ်ချုပ်(အောင်ဆန်း)ကို ရင်မှာ ပိုက်၊ ခွပ်ဒေါင်း(အလံ) ကို နဖူးပေါ်တင် သေနတ်ပြောင်းဝမှ အာဏာရှင်ကို ခေါင်းမော့ရင်ကော့၍ စစ်ဦးဘီလူး ၏ ကျည်ဆန်ကို ရင်ဖွင့်ခံတွန်းလှန်ခဲ့ကြသော ၈၈ အရေးတော်ပုံကြီး မှာ ငွေရတုတိုင်ခဲ့ပြီဖြစ်သော်လည်း ယနေ့အချိန်၌ ပြန်ပြောင်းဆင်ခြင်မိသူတိုင်း ဝိရောဓိတစ်စုံကို တွေ့ကြရမည်မှာ မလွဲပါ။ သေနတ်နှင့်လွယ်အိတ်၊ သတ်ရဲ သူနှင့်သေရဲသူ၊ သေနတ်နောက်က ကြောက်ရွံ့သူနှင့်သေနတ်ရှေ့က ရဲရင့် သူ၊ အကြွေးယူသူနှင့်အကြွေးပေးသူ၊ ဘယ်

နေရာ၊ ဘယ်အရာမျှမတူနိုင် သော အမည်းနှင့်အဖြူတို့ ၏ကျောင်းတော်ကအဖြေလွှာတွင် မှတ်တမ်း ထင်ကျန်ခဲ့သည် မှာ လင်းတပုံရိပ်နှင့် ခွပ်ဒေါင်းပုံရိပ်သာဖြစ်ပါသည် ။ မသာ တောမှာ ပျော်မွေ့တတ်သော လင်းတငှက်သည် လည်းကောင်း၊ ခေတ် ကောင်းလျှင် ကဒေါင်း၊ စနစ်ပြောင်းလျှင်ခွပ်ဒေါင်းလိုအပ်သလို ပြည်သူ့ ဝိညာဉ် ထင်ဟပ်နိုင်သော ဒေါင်းငှက်သည် လည်းကောင်း ငှက်မျိုးနွယ် စိတ်ပင်ဖြစ်ကြသော်လည်း အတောင်တစ်ချောင်း၏ သမိုင်းတန်ဖိုးများ မတူညီကြပါ။

စွယ်တော်တော၊ ကံ့ကော်တော၊ ရေတမာတော၊ စိန်ပန်းတော၌ ပျော် မွေ့၊ သစ်ပုတ်ရိပ်မှာ နားခို၊ အင်းလျားရေကိုသောက်သော အကြင် ဒေါင်း ငှက်တို့ ဘာသာဘာဝပျော်မြူး ကခုန်နေကြသည် ကို မတန်မရာ ရန်ရှာ ခဲ့သော ဖြစ်ရပ်၏ အစမှာ ၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်နေ့ည၊ ကြို့ကုန်း ရပ်ကွက် စန္ဒာဝင်းလက်ဖက်ရည်ဆိုင်တွင် စက်မှုကျောင်း သားသုံးယောက် နှင့် ရပ်ကွက်ကောင်စီလူကြီးသား အမူးသမားလေး ယောက်တို့ ဖြစ်ပွားခဲ့ သောရန်ပွဲ၌ မတော်မတရားဖြေရှင်းခဲ့ သည့်နောက် ဒေါင်းသွေးမြေကျခဲ့ရ ခြင်းသည် အငြိမ်းဝိုင်း ကနေသော ဒေါင်းများကို လည်ဆံမွေးထောင်သွား စေသောအကြောင်းရင်း ဖြစ်သည် ။ ဒေါင်းတို့ ၏ နှလုံးအိမ်တွင် ရှေ့အဆက် ဆက်ကြုံခဲ့ရသော ကျည်သင့်သမိုင်းခါးများ မြုံရာမှ ပွင့်ကန်ထွက်လာခဲ့ ရပြီး လူရမ်းကား အစိုးရကို အသေခံခွပ်ရန်နှင့် ကောင်းကင်သစ်တစ်ရပ် ဖွင့်လှစ်နိုင်ရေး ' 'ဒို့အရေး''ကြွေးကြော်သံများ တုန်ဟည်းသွားတော့သည် ။ မြန်မာ့နေမဝင်အင်ပါယာရှင် ဦးနေဝင်း၏ ၂၆ နှစ်ကြာ လက်နက်ကိုင် ဗိုလ်ကျရမ်း ကားမှုများ နေဝင်မိုးချုပ်သွားစေသော ခွပ်ဒေါင်းအောင်ပွဲ တစ်ရပ်ဖြစ် သည် ။ သို့သော်လည်း လူလိမ္မာသားယဉ်ပါး၊ လူမိုက်သား ရမ်းကားဆို သလို ဖအေဆိုးအမွေ ဆက်ခံသော သားဆိုးများ အိမ်ကြီး ရှင်ဖြစ်လာ

သောအခါ တိုင်းလုံးပြည်နှံ့ သပိတ်တပ်များ ၏ အပြင်းအထန် တုံ့ပြန်မှုကို သေနတ်ပြောင်း မီးတောက်အောင် ပစ်ခတ်နှိမ်နင်းမှုများ ၊ ပြည်သူ့အလွှာအသီးသီးမှ လူတန်စားပေါင်းစုံပါဝင်သော သပိတ်တပ်များ ၏ ဂုဏ်သရေပျက်ပြားစေမည့် ထဘီတန်းအောက်ထွက် တန်ပြန်သပိတ်များ ၊ အဖျက်အမှောင့်အလုပ်များကို လျှို့ဝှက်ထောက်လှမ်းရေးက အထူးပြုစစ်ဆင်ရေး တစ်ရပ်ပြုလုပ်ခဲ့ပြီး ဒုတိယမွှ ''တိုင်းပြည်ချောက် ထဲကျရန် လက်တစ်လုံးအလို'' ဂါထာကိုစုပ် အာဏာသိမ်းထုပ်၍ ထဘီခြုံကာ လင်းတအဖြစ် (ခုန်ဆွခုန်ဆွ) ထွက်ပေါ်လာခဲ့ပါသည် ။ ဤ နေ့သည် မြန်မာ့သမိုင်းဒိုင်ယာရီတွင် ၁၉၈၈၊ စက်တင်ဘာ၊ ၁၈ ရက်ဟု သွေးနီဝိုင်းကာ အမှတ်အသားပြုထားခံရသည် ။ ဦးနေဝင်းအလွန် ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးတွင် ထိုခေတ်ပုံရိပ်ကို ထင်ဟပ်စေခဲ့သော သံပြိုင်ဟစ်ကြွေးသံများမှာ ''စိန်လွင်ခြောက်တန်း၊ တစ်ဇောက်ကန်း''နှင့် ''ရှူးကြောင်မူးကြောင် ဦးမောင်မောင်''တို့ ဖြစ်သည် ။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျောင်းသားသွေးကို ခြေဆေးခဲ့သော ပြည်သူ့ရန်သူ လူမိုက်ဆွာတစ်စုတို့ သည် သူတို့ ကျူးလွန်ခဲ့သော သမိုင်းတွင်မည့်ရာဇဝတ်မှုများကို နေဝင်းမီးငြိမ်း လက်စသိမ်းနိုင်ရေးနှင့် ပြည်သူ့တရား စီရင်ခန်းမှာ ကြိုးစင်မတက်ရရေးအတွက် နောက်ဆုံးကြိုးပမ်းမှုအနေဖြင့် ရှစ်လေးလုံးအရေးတော်ပုံကို ယမ်းငွေ့ဝေဝေ သွေးမိုးစွေလျက်ခွာစစ်ဆင်ရာ လမ်းတစ်လျှောက်တွင် ချနင်းခံခဲ့ရရှာသော မတစ်ထောင်တစ်ကောင်ဖွား အာဇာနည်သူရဲကောင်းများ ၏ မကျွတ်မလွတ်သေးသောဝိညာဉ်များကို ၂၅ နှစ်မြောက်ငွေရတုကာလတွင် မည်သို့နှစ်သိမ့်ပေးနိုင်မည်နည်း။ ပြည်သူ့ အာဏာ ဘီးတစ်ပတ် ရှေ့ခရီးဆက်နိုင်ရေးအတွက် သမိုင်းနွံ့အိုင်ထဲတွင် အသက်ခန္ဓာခင်းပေး၍ တုံးခုပေးခဲ့သော ပဥ္စမမြန်မာနိုင်ငံတော်ထူထောင်ရန် ကြိုးပမ်းခဲ့ကြသူ မဟာသူရဲကောင်း

အပေါင်းတို့ သည် ရှစ်လေးလုံးအရေး တော်ပုံငွေရတု အခါသမယ၏ ကောင်းကင်တစ်ခွင် အစဉ်ထွန်းလင်း တောက်ပနေသည့် သတင်းလူသား(များ ) ဖြစ်ပါကြောင်း။

ဝ၂၆

(အမှတ် ဝ၆ ။ ၈ ဩဂုတ်၂ဝ၁၃)

*

# အမှောင်ခေတ်ထဲမှာ လင်းလက်ခဲ့သည့် လမ်းပြကြယ်

အာဏာရှင်အစိုးရတစ်ရပ်ကို မီဒီယာလက်နက်ဖြင့် ဘုံးဘုံးလဲအောင် ထိုးနှက်ခဲ့၍ ဆွံ့အနှုတ်ခမ်းများ ဆီမှ ယူဆောင်လာသော အစစ်အမှန် စကားလုံးများကို ပိတ်ဆို့ခံနားများ ဆီသို့ ပဲ့တင်ထပ်စေခဲ့သော လမ်းပြ ကြယ်တစ်စင်းသည် အမှောင်ဖုံးနေသော မြန်မာ့ကောင်းကင်တစ်ခွင် တွင် လင်းလင်းလက်လက်တောက်ပခဲ့ဖူးပါသည် ။ လွန်ခဲ့သော ၂၅ နှစ်က မြန်မာပြည်သူအပေါင်းသည် စံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် နီးစပ်ရာရေဒီယိုတစ်လုံးဆီသို့ စုပြုံတိုးဝှေ့ကာ နား သောတ ဆင်ခဲ့ရသော လေလှိုင်းသံမှာ အစိုးရထုတ်ဇာတ်လမ်းပမာ နားဆင်စရာတစ်ပုဒ်မဟုတ်ဘဲ၊ ဘီဘီစီ မြန်မာပိုင်းအစီအစဉ်၏ ပြည်ချစ်မင်းသား ခရစ္စတိုဖာဂန်းနက်စ်နှင့် သူ၏ သတင်းများ ဖြစ်သည် ကို ကြုံဖူးသူများ သိကြပါလိမ့်မည်။ ၂၆ နှစ်တာ အမြဲမဘာဝဖြင့် ရှင်သန်ခဲ့ရသော မြန်မာ့သတင်းလောကကို သတင်းဦး၊ သတင်းထူးများ ဖြင့် လောကသစ်တစ်ခုဆီသို့ လမ်းပြပေးခဲ့သော ဘီဘီစီ သတင်းထောက် ခရစ္စတိုဖာဂန်းနက်စ်ကို မြန်မာနိုင်ငံ၏ ၂၅ နှစ် တာ ဂုဏ်ထူးဆောင် သတင်းလူသားအဖြစ် ဖော်ပြအပ်ပါသည် ။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အာဏာရှင်အစိုးရတက်လာသည် နှင့် တစ်ပြိုင်နက်တည်း ယဇ်ပုလ္လင်ထက်တွင် အသက်ငင်ခဲ့ရသော ဦးဆုံးလူသား များမှာ သတင်းသမားများ သာဖြစ်ကြသည် ။ အာဏာရှင်ဖုတ်ကောင် တိုင်းသည် သတင်းသမားလက်ထဲက ဆေးကြိမ်လုံးကို သေမ

လောက် ကြောက်သည့်အတွက် မီဒီယာနှင့်ကြမ်း တစ်ပြေးတည်းမထိုင်လို ကြ၊ မီဒီယာနှင့် မျက်နှာချင်း မဆိုင်လိုကြပေ။ အာဏာရှင် မဆလအစိုးရနှင့် သူ၏ အမွေခံ နဝတ၊ နအဖ အစိုးရတို့ ၏ ၂၅ နှစ်တာ ပြည်ဝင်ခွင့်ပိတ်ဇာပိတ်၊ နာမည်ပျက်စာရင်းသွင်းကာ ရှာပြင်ထုတ်ခံခဲ့ရသောသူတစ်ဦး ဖြစ်ခဲ့သော် လည်း ပြည်သူ့ရင်ထဲမှ ထုတ်မရနိုင်ခဲ့ခြင်းသည် ဤကမ္ဘာလောက၌ အမိန့်အာဏာမသက်ရောက်နိုင်သော လွတ်မြောက်နယ်မြေများ ရှိနေသေး သည် ကို အကောင်းဆုံးသာဓက ပြလိုက်ခြင်းပင်ဖြစ်သည် ။ ထိုအချိန်က သူ၏ သတင်းများ သည် ကောင်းမြတ်မှုကို ပွားစည်းစေသလိုဆိုးယုတ်မှုများ ကို ချေမှုန်းပစ်ခြင်းဟူသောပြုဖွယ် ကိစ္စ ၂ ရပ်ကို တစ်ပြိုင်နက်ပြုခြင်း ကြောင့် ကောင်းကျိုးလိုလားသူတို့ ချီးကျူးခြင်းခံရသကဲ့သို့ မာရ်နတ်နွယ် ဖွားများ ၏ ရွံ့ရှာမုန်းတီးခြင်းကိုလည်း ခံရသည် ။

ခရစ္စတိုဖာဂန်းနက်စ်သည် သတင်းသမားတစ်ဦး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းမျှသာဖြစ်သော်လည်း အာဏာရှင်အစိုးရ၏ ခွာသံလျှာ သံထက် သူ့အသံက ပို၍ဩဇာညောင်းခဲ့ခြင်းမှာ အဘယ်ကြောင့် နည်းဆို သော မေးခွန်းတစ်ရပ်ကို အစိုးရမင်းများ အဖြေရှာဖို့ လိုအပ်နေပါသည် ။ ခရစ္စတိုဖာဂန်းနက်စ်အလွန် မြန်မာပြည်ဖြစ် ၈ နာရီသတင်းကို တစ်နိုင်ငံလုံး ပိတ်ထားခြင်းသည် လည်း ပြည်သူ့ဆန္ဒအမှန်ပင်ဖြစ်တော့သည် ။ သတင်း တန်ဖိုးချင်းက ကွာခြားလွန်းပါဘိ။ ၁၉၈၈ မတ်လ ၁၂ ရက် စက်မှု တက္ကသိုလ်ကျောင်းသားများပြဿနာ၊ ၁၃ ရက်နေ့ ဖုန်းမော်၊ စိုးနိုင်ကျဆုံး ခြင်း၊ တံတားနီလူသတ်ပွဲ၊ မြေနီကုန်းသချႋင်းမြေသတင်းများမှ စ၍ အစိုးရသတင်းဌာနများ ၏ လိမ်လုံး၊ ညာလုံးများကို ကမ္ဘာသိအောင် အထုပ်ဖြေပြခဲ့ခြင်းကြောင့် မိုင်ပေါင်းထောင်ချီကွာဝေးပါသော်လည်း ဘီဘီစီ သတင်းက မြန်မာအစိုးရ

သတင်းများ ထက် မြန်မာပြည်သူနှင့် ပိုနီးစပ်ခဲ့ခြင်း ဖြစ်သည် ။

မြန်မာ့ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးကြီးတွင် သမိုင်းဝင်နေ့ တစ်နေ့ဖြစ်သော ရှစ်လေးလုံးနေ့ကို လူမမယ်ကလေးငယ်များ ပါ ပါဝင် လာ အောင်ထိ သံချောင်းခေါက်ပေးခဲ့သောသူ၏ စွမ်းဆောင်မှုမှာ အံ့သြ ဖွယ်ရာရှိ လှသည် ။

ဒီမိုကရေစီအရေးအသက်ပေးခဲ့ရသော ကျောင်းသားများ ၊ ဆက်လ က် တိုက်ပွဲဝင်နေကြသော ကျောင်းသားခေါင်းဆောင်များ ၊တက်ကြွစွာ ဦးဆောင် ခဲ့ကြသူများ ၏ အမည်နာမများကို ပြည်သူ့ရင်ထဲစွဲခဲ့သည် မှာ လည်း သူ့ ကျေးဇူးမကင်းပါ။

စစ်အစိုးရသက်တမ်းတစ်လျှောက်လုံးတွင် လည်း ရှစ်လေးလုံးအ ရေး တော်ပုံကာလ တော်လှန်ရေးကြီးကို မင်းမဲ့စရိုက်အကြမ်းဖက်ဆူပူ လှုပ်ရှား မှုအဖြစ် ဝါဒဖြန့်ကာ ခရစ္စတိုဖာဂန်းနက်စ်ကိုလည်း သတင်း မှားများ ဖြင့် ဇာတ်နာအောင်သွေးထိုးပေးခဲ့သောလေ လှိုင်းသံလူသတ် သမားအဖြစ် စွပ်စွဲခဲ့ ကြသည် ။

ထိုစဉ်က သတင်းအမှောင်ချခံထားရ၍ နိုင်ငံရေးအသိအမြင် ချည့်နဲ့ နေသော မြန်မာပြည်သူတို့ အတွက် အရေးတော်ပုံကာလတွင် နိုင်ငံရေး လက်နက်တပ်ဆင်ပေးနိုင်ခဲ့သည့် ကဏ္ဍတစ်ရပ် ရှိခဲ့ဖူးသည် ဟု ဆိုပါ လျှင် ယင်းလက်နက်ကို ပြည်သူအသီးသီးထံရောက်ရှိအောင် ထောက်ပံ့ ပို့ဆောင် ပေးခဲ့ကြသော ဘီဘီစီနှင့်သတင်းထောက် ခရစ္စတိုဖာဂန်းနက် စ်တို့ ၏ စွမ်း ဆောင်ရည်များကို ဘေးဖယ်ထား၍ မရနိုင်သည် ဖြစ်၍ ရှ စ်လေးလုံးရာသီ မြန်မာပြည်၏ ထက်အာကာတစ်ခွင် ညစဉ်လင်းလက် တောက်ပခဲ့သော လမ်းပြကြယ်ခရစ္စတိုဖာဂန်းနက်စ်သည် သတင်းလူ သားဖြစ်ပါကြောင်း။ ။

၀၂၆

(အမှတ် ၀၇ ။ ၁၅ ဩဂုတ် ၂၀၁၃)

*

# ဖြဟ္မာ့ဦးခေါင်းထမ်းကာ ပန်း မပွင့် လမ်းမသင့်သောခရီးကို လျှောက်လမ်းနေသူ

မြန်မာနိုင်ငံရှိ သန်း ၆၀ ပြည်သူလူထု၏ လူ့အခွင့်အရေးတောင်ကတုံးကို သျှောင်ထုံးနိုင်ပါ့မလား

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး တောင်ကတုံးကို ယောင်(သျှောင်) ထုံးနိုင်ရေးတာဝန်၌ မစ္စတာပီညဲရီးထံမှ လက်ပြောင်းရယူခဲ့သော ကုလသမဂ္ဂ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာတော မက်စ်အိုဟေးကင်တားနားသည် ပြည်သူတစ်ရပ်လုံးအမှန် တကယ်လိုအပ် လျက်ရှိနေသည့် လူ့အခွင့်အရေးအခြေခံလိုအပ်ချက်များ ကို အနက်ရှိုင်းဆုံး တူးဆွနိုင်ရေးထက် အယောင်ပြဖန်ဆင်းထားသော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခ တံလျှပ်နောက်သို့ တကောက်ကောက် လိုက်ပါသွားသည် တွင် ကြိုးကိုင်သူတို့ ၏ စိတ်ကြိုက်ကစားကွက်ဖြစ်သော''လူ့အခွင့် အရေးမုန်းတီး ရေးမဟာဗျူဟာ''ကို တစ်ဖက်တစ်လမ်းမှ အားပေးကူညီလိုက်သလို ဖြစ်ကာ ပြည်သူများ ထဲတွင် လည်း အစွန်းရောက်အမျိုးသားရေးဝါဒ ပိုမို အားကောင်း လာပြီး လူ့ အခွင့်အရေးဆိုင်းဘုတ်ထမ်းဝင်လာ သောသူ၏ မြန်မာပြည်ခရီးစဉ်တစ်လျှောက် ကန့်ကွက်ဆန္ဒပြမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရ သောအခါ လူ့အခွင့်အရေးဆိုင်းဘုတ်ကို ပစ်ချထားခဲ့၍ ဗြဟ္မာ့ဦးခေါင်းထမ်း ပြန်သွားသောကြောင့် ယခုအပတ်၏ သတင်းလူသားအဖြစ် ဖော်ပြအပ်ပါ သည် ။

လူ့အခွင့်အရေး၊ တိုင်းရင်းသား အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး

များ ထက် ငါ့အခွင့်အရေးခိုင်မာစေရန် တွင် တွင် တောင်းဆိုနေကြသော အခွင့် အရေးသမားတချို့နှင့် လူမျိုးနွယ်စုတစ်ရပ်အတွင်း အသက်ရှင်ရပ်တည် နိုင်မှုကို ခြိမ်းခြောက်ခံလာရသည့် အန္တရာယ်ကြောင့် ထွက်ပေါ်လာခဲ့ရ သော မယုံသင်္ကာစိတ်များ ၊ စိုးရိမ်စိတ်များ ၊ အကြမ်းဖက်တုံ့ ပြန်လိုစိတ် များကို အပြန်အလှန်လျှော့ချနိုင်ရေးတွင် ကင်တားနား၏ ရပ်တည်မှုမှာ တစ်ဖက်ကမ်းပြို၊ တစ်ဖက်သောင်ထွန်း လမ်းစဉ် ရောက်သွားမည်ကို စိုးရိမ် ပူပန်လျက်ရှိနေကြရသည် ။ ထို့အတူ မြန်မာအစိုးရနှင့် ကင်တားနား တို့ အကြား အပြန်အလှန်ပျက်ကွက်နေသော သံတမန်ယဉ်ကျေးမှုဘေး ထွက်ဆိုးကျိုးကလည်း မည်သို့မည်ပုံ အဖြေထွက်လာမည်ကို မှန်းဆ၍ မရနိုင်ချေ။

စစ်အစိုးရ အာဏာမောက်စဉ် အချိန်က မကြာခဏပြည်ဝင်ခွင့်ဗီဇာ အပိတ်ခံခဲ့ရသော မစ္စတာပီညဲရိုး၏ လိုက်လျောညီထွေရှိသော သံခင်းတမန်ခင်းလမ်းစဉ်နှင့် ယခုအခါ ပြည်ဝင်ခွင့်ဗီဇာလွယ်လင့်တကူ ရရှိနေသော မစ္စတာကင်တားနား၏ တင်းမာသည့်သဘောထားလမ်းစဉ်နှစ်ရပ် မှာ ချိန်ထိုးစရာများ ဖြစ်နေသည် ။ ပြောစရာရှိသည် မှာ တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်းကလည်း မောင်းထောင်းဆိုသလို နှစ်ဖက်စလုံး တွင် လည်း အမှားမကင်း ကြသည် များ လည်း ရှိသည် ။ လူ့အခွင့်အရေး ဘုတ်အုပ်ခါးကြားထိုးလာသော ကင်တားနား၏ လက်လွန်ခြေလွန် ဝင် ရောက်စွက်ဖက်မှု (၁၉၈၂နိုင်ငံသား ဥပဒေကို ပြင်ဆင်ရန်ပြောကြားခြင်း) များမှာ မြန်မာအစိုးရကို စပ်ဖျဉ်းနာကျင်စေသလို၊ မြန်မာအစိုးရ၏ ကြက် ပေါင်ကွင်းဥပဒေစိုးမိုးမှု (ညမထွက်ရအမိန့်ထုတ်ပြန်ထားသော မိတ္ထီလာတွင် ည ၁၀ နာရီခွဲ ကျော်အထိ လူစုလူဝေးဖြင့် ဆန္ဒပြမှုကို ကြည်ဖြူစွာ ခွင့်ပြုထားခြင်း) ကလည်း ကင်တားနားကို အခြားတစ်ဖက်သို့ တွန်းပို့ လိုက်သလို ဖြစ်သည် ။

မည်သို့ပင်ဆိုစေကာမူ ကင်တားနားသည် ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်ဖြစ်နေခြင်းကြောင့် သူ့အစီအရင်ခံစာ၏ အကျိုးသက်ရောက်မှုမှာ နိုင်ငံတကာအကူအညီများ ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ၊ နိုင်ငံတကာ မျက်နှာစာအထက်မှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေပြည္သွန်းကိန်းများကို သက်ရောက်မှု ဖြစ်နိုင်သည့်အတွက် အမျိုးသားရေးအတွင်းအားများကို ထိန်းချုပ်သုံးစွဲ၍ အမှန်တကယ်လိုအပ်နေလျက်ရှိသော ပြည်သူ့အခွင့်အရေးများ ဘက်သို့ ပိုမိုအာရုံစိုက်လာစေအောင် ဆွဲဆောင် နိုင်လျှင် လူ့အခွင့်အရေးအသံများ ကင်တားနားဆီမှ တစ်ဆင့် ကုလသမဂ္ဂ နားသို့ပေါက်သွားနိုင်သည် ။ ၂၀၁၅ အတန်းတင်စာမေးပွဲကို ရည် ရွယ်သော သွေးပူလေ့ကျင့်ခန်းများ တွင် လူ့အခွင့်အရေးအိုးကို တုတ်ဖြင့်မထိုးမိရန် အရေးကြီးသလို အစွန်းရောက် အမျိုးသားရေးဝါဒများ အိုင်ထွန်းမလာရေး အတွက် လူ့အခွင့်အရေးကုန်းမို့မို့ (သက်ကယ်ကုန်း)များ ပိုမိုတည်ဆောက် နိုင်ရေးကြိုးပမ်းမှုတွင် ကင်တားနားကို ကောင်းစွာအသုံးချနိုင်သည် ဆိုသော အမြင်တစ်မျိုးလည်း ရှိနေသေးသည် ။

သေချာသည် မှာ လူ့အခွင့်အရေး အမြင့်ပန်းသည် ခြုံထူထူ၊ မြက်ရှုပ်ရှုပ်၊ နေမရှိ၊ ရေမရှိအရပ်၌ မပွင့်လန်းနိုင်သကဲ့သို့ ကုလသမဂ္ဂဆီမှ မျိုးစေ့ ဆောင်ယူလာသော မစ္စတာကင်တားနားသည် လည်း ရေခံ၊ မြေ ခံ၊ ရာသီ အမှန်ကို မသုံးသပ်မိဘဲ မျိုးစေ့အားကိုးဖြင့်သာ ထွန်ယက်စိုက်ပျိုးနေမည် ဆိုပါက ပန်းလည်း မပွင့်လမ်းလည်း မသင့်သောခရီးကြမ်းကို လျှောက်လမ်း နေသော သတင်းလူသားဖြစ်ပါကြောင်း။

ဝ၂၆

(အမှတ် ဝ၉ ။ ၂၉ ဩဂုတ် ၂၀၁၃)

*

# မုန်တိုင်းထဲက ပန်းတစ်ပွင့်

ခေတ်သစ်မြန်မာနိုင်ငံ၏ ပဒေသရာဇ်ပေါက်စများ သည် သူတို့ အမွေရ ထားသည့် ဆီမီးခွက်အာဏာများ တဖန်ပြန်၍ လူရှိသေ ရှင်ရှိသေ ဖြစ်လာ ရေး အမောက်ထောင်ပြကြရာတွင် ပညာမဲ့သောအရေးယူ ဒဏ်ခတ်မှုနှင့် ''ဖိုးသူတော်မျက်စိလည်လေ ဆန်ရလေ''ထုံးနှလုံးမူနေကြသော မြန်မာ မီဒီယာတချို့၏ အာဏာရှင်အစိုးရကို ဆန့်ကျင်ကာ အာဏာရှင်မီဒီယာ တစ်ရပ်ပေါ်ထွန်းလာရေးတော်လှန်ရေးတစ်ရပ် အကြားတွင် ကရုဏာ မိုးသောက်သုံးကာ ပွင့်လန်းခဲ့ရသော နေပြည်တော်၊ ဇမ္ဗူသီရိ အထက(၅) ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စိုးစိုးခိုင်ကို မုန်တိုင်းထဲမှာ ပွင့်ခဲ့ရ သောပန်း(သို့မဟုတ်)ယခုအပတ်၏ သတင်းလူသားအဖြစ် ဖော်ပြအပ်ပါ သည် ။

ပြည်သူ လူ ထု ၏ နိုင်ငံရေးအာရုံများ ထူးကဲဒီရေ မြင့်တက်လာမှု အပေါ် အခွင့်ကောင်းယူ၍ မီဒီယာတချို့က နိုင်ငံရေးထိုးဇာတ်များ မရပ်မနား တင်ဆက်ခဲ့ကြသည် တွင် ပညာရေးဝန်ကြီးဌာန၏ ဖင်မနိုင်ဘဲ ပဲကြီးဟင်း စားသော ဝမ်းလျှောဝမ်းပျက်အမိန့်အာဏာများက မီဒီယာခံတွင်းလိုက် စေသော အစာအာဟာရများ ဖြစ်နေခြင်းကြောင့် ဒေါ်စိုးစိုးခိုင်၏ ပုံရိပ်မှာ လွန်စွာကြွတက်လာခဲ့ရပါသည် ။ ဝန်ကြီးဌာနများ ၏ နွားသိုးကြိုးပြတ် လုပ်ထုံးလုပ်နည်းများ ၊ ဂမ္ဘီရဆန်သော အပူလွန်၊ အအေးလွန်ပဉ္စလက်ဥပဒေ များကို အပြင်းအထန်တိုက်ခိုက်ဟန်ပြ၍ ကိုယ့်ကိုယ်ကို လျှော်ဖွပ်နေ ကြသော ပါပပုဂ္ဂိုလ်များ အတွက် ဒေါ်စိုးစိုးခိုင်၏ ဒ

ဏ်ရာများက အမှျဝေ သာစုခေါ်ရမည့်သဘောဖြစ်နေသည် ။ လိုအပ်လျှင် ဖျာလိုလိပ်ကာ ထိပ်မှာ တင်ထားတတ်၍ မလိုအပ်လျှင် ဖျာလိုနင်းတတ်သော မီဒီယာတချို့၏ အလိုကျ ထာဝရသရုပ်ဆောင်နိုင်မည်လားဟု စဉ်းစားထားဖို့ ရာနှင့် ကွဲနှစ် ကောင်ခတ်သည့်ကြားတွင် မြေစာပင်မဖြစ်ဖို့ ကိုလည်း ဒေါ်စိုးစိုးခိုင် ရှောင် တိမ်းတတ်မည်ဟု ယုံကြည်ရပါသည် ။

တောင်အော်၊ မြောက်အော်နှင့်ဘာမျှမလုပ်နိုင်သော ခေါင်းပေါင်းစကြီးများ ၊ အသံလည်း တိတ် လူလည်း အိပ်နေကြသော ပုဂ္ဂိုလ်ကြီးများ ၊ နိုင်ငံရေးအရ ကစားကွက်ဖန်တီးသူ (Key player) များက မည်သို့ ဖန်တီးနေ သည် ကို နဝေတိမ်တောင်အူကြောင်ကြောင်ဖြစ်ကာ ခံတွင်းပျက်နေသူများ ထံမှ တရားမျှတမှုကို မျှော်လင့်နေခြင်းမှာ ဒေါ်စိုးစိုးခိုင်အတွက် ဆောင်း တွင်း အိပ်မက်တစ်ခုသာဖြစ်ပါလိမ့်မည်။ ပညာရေးဝန်ထမ်း ဆရာမတစ်ဦး ကို ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သည်ဆိုသောစွပ်စွဲချက်ဖြင့် မိခင်ဝန်ကြီး ဌာန၏ ကျွန်ပိုင်ရှင် စရိုက်အမှန်ပေါ်တော်မူလာရခြင်း၌ တရားလက်လွတ် ငှက်တောင်ကျွတ်ဒဏ်ခတ်ခြင်းဟု မှတ်တမ်းပြုရပါဦးမည်။ စည်းမျဉ်းစည်း ကမ်းများ သည် ချစ်သူများရှေ့တွင် အိပ်ပျော်နေတတ်၍ မလိုမုန်းထားသူ ကိုယ်နှံ့ရမှ သာ ပါးပျဉ်းထောင်လာတတ်ကြသည် မှာ လည်း စနစ်တကျ အဂတိလိုက်စားခြင်းတစ်မျိုးပင်ဖြစ်သည် ။ မိမိလက်အောက်ငယ်သားများ ၏ အပြစ်ကို မေတ္တာဖြင့်မယှဉ်ဘဲ ပြစ်မှုနှင့်ပြစ်ဒဏ်မမျှတသောအရေး ယူမှုများ မှာ လည်း ပုဂ္ဂိုလ်ထူးတို့ ၏ ဘဝအဆက်ဆက် ပါရမီဖြည့်လာခဲ့ရသော ဖြုတ်၊ ထုတ်၊ သတ် ကျင့်စဉ်တစ်ရပ်ဖြစ်သည် ။

စည်းကမ်းပျက်ဝန်ထမ်းတစ်ဦးအဖြစ် သတ်မှတ်၍ ဥပဒေမဲ့ အရေးယူ ခြင်းဖြစ်ရာ လူပုံအလယ်တွင် ပညာရေးဝန်ကြီးဌာနနှင့် ဆရာမဒေါ်

စိုးစိုးခိုင် တို့ ဖြစ်ပွားသောအမှုမှာ နောက်မင်းအဆက်ဆက်တို့ အကိုးအကားပြုရမည့် ၂၀၁၃ ခုနှစ်ထုတ် စီရင်ထုံးအသစ်အဖြစ်လည်း မှတ်တမ်းဝင်သွားနိုင်ပါ သည် ။ ''အစိုးရဗဟိုပြု ပညာသင်ကြားရေးစနစ်''ကို လေ့လာရဦးမည့် ဒေါ်စိုးစိုးခိုင်ကဲ့သို့ ပညာရေးဝန်ထမ်းများ အတွက် ဘာသာရပ်အသစ် တွင် ပါတီနိုင်ငံရေးကင်းရှင်းရန်၊ နိုင်ငံရေးပါတီတစ်ခုမှ ဆင်းသက်လာ သော ပြည်ထောင်စုဝန်ကြီးများကို မမှီဝဲမဆည်းကပ်ဘဲ လေကွယ်အရပ်၌ နေတတ်ကြရန်ကိုလည်း အချင်းချင်းလက်တို့ သတိပေးကြဖို့ လိုပါသည် ။

၁၉၈၈ စစ်အာဏာသိမ်းယူခဲ့ပြီးနောက်ကရင်ပြည် နယ်သေဘောဘိုး စခန်းသို့ တောခိုဝင်ရောက်ခဲ့သော ABSDF ရဲဘော်ဟောင်းတစ်ဦးဖြစ်ခြင်း ကြောင့်တစ်ကြောင်း၊ ၈၈ ငွေရတုအထိမ်းအမှတ်အကြိုပွဲကို တက်ရောက်ခဲ့ ခြင်းကြောင့်တစ်ကြောင်း ခေတ်သစ်ဝန်ထမ်းအများ စုလမ်းစဉ်ဖြစ်သော ''ဘာမှ မဖြစ်လျှင် ဘာမှ မဖြစ်'' ကျင့်စဉ်သည် တစ်စုံတရာဖြစ်လာသော အခါကျောက်တောင်ကြီးပိကျလာသကဲ့သို့ ကြေမွပျက်သုဉ်းခြင်းတိုင်အောင် ကြုံတွေ့ခဲ့ရသော ဆရာမ ဒေါ်စိုးစိုးခိုင်သည် မုန်တိုင်းထဲမှာ ပွင့်ခဲ့ရသော ပန်းတစ် ပွင့်(သို့မဟုတ်) သတင်းလူသား ဖြစ်ပါကြောင်း။

ဝ၂၆

(အမှတ် ၁၀ ။ ၀၅ စက်တင်ဘာ ၂၀၁၃)

*